# အထီးအမခွဲခြားနည်း

"မေမေ၊ ကျွန်တော် ယင်ငါးကောင်ကို သတ်လိုက်တယ်၊ နှစ်ကောင်က အထီး၊ သုံးကောင်က အမ" ဟု ငါးနှစ်သား လူငယ်လေးက သူ့မိခင်ကိုပြောလိုက်သည်။
"ဟုတ်လား၊ ဒါနဲ့သားက ယင်ကောင် အထီးနဲ့ အမ ဘယ်လိုခွဲသလဲကွဲ့။"
"အော်...ဒါလား နှစ်ကောင်က ဘီယာပုလင်းပေါ်မှာ၊ သုံးကောင်က ကြည့်မှန်ပေါ်မှာ နားနေကြတာလေ"

## စကားများရန်ဖြစ်ကြသည့် ဇနီးမောင်နှံများ ရိုးမြေကျအောင် ပေါင်းသင်းကြရဆို

ဇနီးမောင်နှံများ အားလုံးစကားများ ရန်ဖြစ်ကြသည်မှာ အဆန်း တကြယ် မဟုတ်ပေ။ အချို့ ဇနီးမောင်နှံများဆိုလျှင် မကြာခဏ စကားများ ရန်ဖြစ်တတ်ကြသည်။ သို့သော်လည်း ဇနီးမောင်နှံ အများအပြားမှာ ပို၍စကားများ ရန်ဖြစ်ကြလေလေ ပို၍ရိုးမြေကျအောင် ပေါင်းသင်ကြလေလေ ဖြစ်ကြရာ ဘဝ တစ်သက်တာ ပေါင်းသင်းကြသော ဇနီးမောင်နှံများကို လေ့လာရန်မှာ အံ့သြစရာဖြစ်ဖွယ်ရှိသည်။